## ၉။ အနက်ရောင်လက်ဖက်လှေးပိုး

**Black Tea Thrips: *Heliothrips haemorrhoidalis* (Bouché, 1833)**

**Thysanoptera : Thripidae**

**ဖျက်ကောင်ပုံသဏ္ဍာန်များ**






ပိုးမမည်များသည်အနီရောင်မျက်လုံးများရှိပြီးအဝါရောင်ရှိသည်။အရွယ်ရောက်ပိုးမမည်မှာ တာရှည်သည်။ရုပ်ဖုံးသည်ပိုးမမည်ထက်ကြီးပြီးအတောင်ပံရှည်ကာ မီလီမီ(၁) မျက်လုံးကြီး သည်။အကောင်ကြီး၏ခေါင်းနှင့်လည်ပင်းပိုင်းသည်အနက်ရောင်ရှိပြီးဝမ်းဗိုက်ပိုင်းမှာအညိုနက်ေ ောင်ဖြစ်သည်။ခြေထောက်မှာအဝါဖျော့ရောင်ရှိပြီးဦးမှင်မှာအဆစ်ဆစ်ရှိသည်။(၈)

**ဖျက်ဆီးပုံလက္ခဏာများ**



အရွက်များ၊ အပွင့်များနှင့် ပင်စည်များတွင် အပေါက်ဖောက်ပြီး သစ်ရည်ကို စုပ်စားသဖြင့် အသီးများပေါ်တွင် အစက်အပြောက်များဖြစ်ခြင်း၊ အသီးလှီခြင်း၊ အသီးခွံအက်ကွဲ၍ မလှမပဖြစ်ခြင်း၊ ထိုမှတဆင့် အသီးပုပ်ခြင်းများ ဖြစ်တတ်ပါသည်။

**ဘဝစက်ဝန်း**

| | |
|---|---|
| ဥအဆင့် | –(၁၄–၁၅)ရက် |
| ပိုးမမည် အဆင့် | – (၁၀–၁၆) ရက် |
| ရုပ်ဖုံး အဆင့် | – (၄–၆) ရက် |
| အကောင်ကြီး အဆင့် | – (၃၅) ရက် |

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁) ဖျက်ပိုးဒဏ်ခံနိုင်ရည်ရှိသောမျိုးများကို အသုံးပြုပါ။

(၂)ပျိုးပင်ငယ်များပေါ်မှရေဖျန်းပါ။

(၃) အပြာရောင်ပိုးဖမ်းထောင်ချောက်များအသုံးပြု၍ ဖမ်းယူပါ။

(၄) စိုက်ခင်းပတ်ဝန်းကျင်ရှိ လိပ်ခုံးကျိုင်းကဲ့သို့သော သဘာဝမိတ်ဆွေပိုးများကို ကာကွယ် ထိန်းသိမ်းပါ။

(၅)ထိသေ၊စားသေ (သို့) ပင်လုံးပြန့်အာနိသင်ရှိ ပိုးသတ်ဆေးတစ်မျိုးမျိုးကိုဆေးအညွှန်းအတိုင်းပက်ဖျန်းပါ။

- ဒိုင်မီသိုအိတ် (Dimethoate)
- ဒိုင်နိုတီဖျူရမ် (Dinotefuran)
- စပီရိုတတ်ထရာမက် (Spirotetramat)
- ကလိုဖန်နာပြာ (Chlorfenapyr)